# ETBE Terms & Conditions for Application

**(စည်းမျဉ်းစည်းကမ်း အစအဆုံးအား အနည်းဆုံး (၃) ကြိမ်တိတိ သေချာစွာ ဖတ်ရှုပေးပါရန်)**

**"ပေါ့ဆစွာ" လျှောက်လွှာဖြည့်စွက်ပြီး လိုအပ်ချက်များနှင့် မှားယွင်းမှုများ ရှိခဲ့ပါက လျှောက်ထားသူ ဆရာ/မ၏ တာဝန်သာ ဖြစ်ပါသည်။**

၁။ လျှောက်လွှာဖြည့်ရာတွင် မိမိ၏ အမည်၊ မွေးနေ့၊ မှတ်ပုံတင်နံပါတ်၊ ဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာနှင့် Facebook Profile Link တို့အား မှန်ကန်စွာ ဖြည့်စွက်ရန် လိုအပ်ပါသည်။ မှားယွင်းဖြည့်မိ၍ မိမိထံသို့ ဖုန်းဆက်သွယ်မှုများ၊ အီးမေးလ်ပို့ပေးမှုများနှင့် Facebook group ထဲသို့ ဝင်ရောက်မှုများ မရရှိပါက မိမိတာဝန်သာ ဖြစ်ပါသည်။

၂။ အထက်အချက် (၁) ပါ အချက်အလက်များအား မှားယွင်းဖြည့်မိပါက မိမိရရှိမည့် Certificate နှင့် Transcript တွင် အချက်အလက်အမှားများ ပါဝင်လာမည် ဖြစ်ပါသည်။ မိမိအနေဖြင့် လျှောက်လွှာဖြည့်စွက်ခဲ့စဉ် အမှားပါရှိ၍ ပြင်ဆင်လိုပါက TTDP စီမံကိန်းသို့ အလှူငွေ (၁၀,၀၀၀) ကျပ် ထပ်မံလှူဒါန်းရန် လိုအပ်ပါသည်။

၃။ လျှောက်လွှာမပေးပို့မီ အလှူငွေအား ကိုယ်တိုင် ဖြစ်စေ၊ ကိုယ်စားဖြင့်ဖြစ်စေ လွှဲပေးနိုင်ပါသည်။ သို့သော် မည်သည့်နည်းဖြင့် လွှဲစေကာမူ Pay (or) mobile banking (or) internet banking (or) personal banking အား အသုံးပြု၍ လွှဲပေးသည့်အခါ note (or) description နေရာတွင် မိမိ၏အမည်အား အပြည့်အစုံ ရေးသားဖော်ပြရန် လိုအပ်ပါသည်။ မိမိအမည်မှ တစ်ပါး အခြားမည်သည့် စာသားမျှ မရေးပေးပါရန် မေတ္တာရပ်ခံပါသည်။ မိမိအမည် မရေးမိခဲ့ပါက (သို့) ရေးသားထားသော စာသားသည် (အမည်အပြင် အခြားစာသားများပါရှိခဲ့၍) ရှည်နေခဲ့ပါက Taxila ၏ ဘဏ် mobile banking အကောင့်များတွင် မည်သူမှ အလှူငွေ လွှဲလိုက်ကြောင်း မသိနိုင်ပါ။ (ခြွင်းချက်ဖြစ်သော WaveMoney (or) WavePay ဖြင့် အလှူငွေ လွှဲပို့ခြင်းနှင့် ပတ်သတ်၍ အချက် (၄) နှင့် (၅) ကို ဖတ်ရှုပါရန်)။ ထို့အပြင် မိမိတို့ လွှဲပို့ပေးလိုက်သည့် ငွေလွှဲခြင်း confirmation စာမျက်နှာအား screenshot (or) photo ရိုက်ထားပြီး လျှောက်လွှာတွင် တစ်ပါတည်း ထည့်သွင်းပေးပို့ပေးရန် လိုအပ်ပါသည်။ (ခြွင်းချက်အနေဖြင့် - ကိုဗစ်နိုင်တီး ကပ်ရောဂါကြောင့် တက်ရောက်သူများအနေဖြင့် နေအိမ်ပြင်ပသို့ထွက်ပြီး ငွေလွှဲ

ရမည်ဆိုပါက ကျန်းမာရေး အရ (၄၈) နာရီအတွင်း လွှဲပေးရန် မလိုအပ်ပါ။ ထို့အတွက် Taxila သို့ ဖုန်းဆက်ပြီး Letter of Guarantee ကို တောင်းခံကာ (၁) လအကြာမှ လွှဲပေးနိုင်ပါသည်။)

၄။ လျှောက်လွှာမပေးပို့မီ အလှူငွေအား ကိုယ်တိုင် ဖြစ်စေ၊ ကိုယ်စားဖြင့်ဖြစ်စေ လွှဲပေးနိုင်ပါသည်။ သို့သော် မည်သည့်နည်းဖြင့် လွှဲစေကာမူ WaveMoney ဖြင့် ငွေလွှဲပါက ငွေလွှဲပြီးပြီးချင်းတွင် မိမိ၏ အမည် (အင်္ဂလိပ်ဘာသာဖြင့်)၊ ငွေလွှဲလုပ်ငန်းစဉ်အမှတ် (transaction ID) နှင့် လျှို့ဝှက်ကုတ် (password) ၆ လုံးတို့အား ဖုန်း 09-788389047 သို့ sms message ဖြင့် (၂၄) နာရီအတွင်း ပေးပို့ရန် လိုအပ်ပါသည်။ WavePay ဖြင့် ငွေလွှဲပါက ငွေလွှဲပြီးပြီးချင်းတွင် မိမိ၏အမည် (အင်္ဂလိပ်ဘာသာဖြင့်) နှင့် ငွေလွှဲလုပ်ငန်းစဉ်အမှတ် (transaction ID) တို့အား ဖုန်း 09-788389047 သို့ sms message ဖြင့် (၂၄) နာရီအတွင်း ပေးပို့ရန် လိုအပ်ပါသည်။

၅။ အထက်အချက် (၄) ပါ ငွေလွှဲမှု အချက်အလက်များအား sms message ပေးပို့ရန် ကျန်ရှိခဲ့ပါက Taxila မှ Google Classroom နှင့် Private Facebook Group ထဲသို့ ထည့်သွင်းပေး၍ မရသည့်အတွက် သင်တန်းအား တက်ရောက်၍ ရမည်မဟုတ်ပါ။ ထို့ကြောင့် WaveMoney (or) WavePay ဖြင့် အလှူငွေ လွှဲပို့ပြီးနောက် (၂၄) နာရီအတွင်း sms message ပေးပို့ရန် ပျက်ကွက်ခဲ့သော်လည်း သင်တန်းအား တက်ရောက်လိုပါက TFDP စီမံကိန်းသို့ အလှူငွေ (၁၀,၀၀၀) ကျပ် ထပ်မံလှူဒါန်းရန် လိုအပ်ပါသည်။ (ခြွင်းချက်အနေဖြင့် - ကိုဗစ်နိုင်တီး ကပ်ရောဂါကြောင့် တက်ရောက်သူများအနေဖြင့် နေအိမ်ပြင်ပသို့ထွက်ပြီး ငွေလွှဲရမည်ဆို ပါက ကျန်းမာရေးအရ (၄၈) နာရီအတွင်း လွှဲပေးရန် မလိုအပ်ပါ။ ထို့အတွက် Taxila သို့ ဖုန်းဆက်ပြီး Letter of Guarantee ကို တောင်းခံကာ (၁) လအကြာမှ လွှဲပေးနိုင်ပါသည်။)

၆။ လျှောက်လွှာတင်သွင်းရာတွင် submit ခလုတ်အား နှိပ်ပြီးပါက အစိမ်းရောင်ဖြင့် ရေးသားထားသော လျှောက်ထားမှုအောင်မြင်ကြောင်း စာသားများအား မြင်ရသည့် အခါမှသာ လျှောက်ထားမှုအောင်မြင်ပါသည်။ submit ခလုတ်နှိပ်ပြီး အစိမ်းရောင်စာသားများ ပေါ်လာခြင်းမရှိဘဲ မိမိ လျှောက်ထားမှုသည် အောင်မြင်သည်ဟု ယူဆခဲ့ပါက မိမိ၏ တာဝန်သာ ဖြစ်ပါသည်။

၇။ အထက်အချက် (၆) ပါ အခြေအနေဖြစ်ခဲ့ပါက လျှောက်ထားမှု အောင်မြင်ခြင်းမရှိဘဲ အလှူငွေ ပေးပို့လာသူများအား အလုပ်နှင့် အချိန်ကန့်သတ်ချက်များကြောင့် Taxila မှ အလှူငွေများ

ပြန်လည် လွှဲပို့ပေးနိုင်မည် မဟုတ်ပါ။ ထို့အပြင် ထိုသူများအနေဖြင့် လျှောက်ထားပိတ်ရက်ကျော်သွားသည့်အချိန်မှ သိရှိပြီး လျှောက်လွှာအား ပြန်လည်ဖြည့်စွက်လိုပါက Taxila အနေဖြင့် အခြား စီစဉ်စရာရှိသည်များအား စီစဉ်ပြီးဖြစ်၍ ပြန်လည်လျှောက်ထားခွင့် ပေးနိုင်မည် မဟုတ်ပါ။ သို့သော် နောင်ဖွင့်မည့် တန်းခွဲများတွင် အလှူငွေပြန်လည် လှူဒါန်းရန် မလိုအပ်ဘဲ တက်ရောက်နိုင်ပါသည်။

၈။ မိမိလျှောက်လွှာဖြည့်စွက်မှု အောင်မြင်ပါက လျှောက်လွှာတွင် primary email အဖြစ် ဖြည့်စွက်ခဲ့သော မိမိ၏ အီးမေးလ်သို့ Taxila ၏ application system မှ အလိုအလျောက် အီးမေလ် (automatic email) အား ချက်ချင်း ပို့ပေးပါသည်။ တစ်ခါတစ်ရံ မိမိ email setting ကြောင့် အဆိုပါ automatic email များသည် inbox folder ထဲသို့ မရောက်ဘဲ spam (သို့) junk folder များထဲတွင် ရောက်နေတတ်သဖြင့် သွားရောက်စစ်ဆေးရန်မှာ မိမိ၏ တာဝန်သာ ဖြစ်ပါသည်။ အဆိုပါ automatic email ထဲတွင် အရေးကြီး အချက်အလက်များ ပါရှိသဖြင့် သေချာစွာ ဖတ်ရှုပြီး တိကျစွာ လိုက်နာဆောင်ရွက်ရန်မှာ မိမိ၏ တာဝန်သာ ဖြစ်ပါသည်။ (ခြွင်းချက် - Automatic email လက်ခံရရှိခြင်း မရှိပါက Taxila သို့ ဖုန်းဆက်ပေးပါရန်နှင့် Taxila မှ manual email ပို့ပေးမည် ဖြစ်ပါသည်။

၉။ မိမိအနေဖြင့် အလှူငွေ လွှဲပေးပြီးနောက် Taxila မှ donation confirmation အား အီးမေးလ်မှ (၅) ရက်အတွင်း ပို့ပေးပါသည်။ Facebook Group ထဲသို့ join ရန် လိုအပ်ပါသည်။ ထို့ပြင် အလှူငွေ လွှဲပေးပြီးသူများအား Facebook group ထဲသို့ Taxila မှ တစ်ဦးချင်း စိစစ်လက်ခံပေးရမည် ဖြစ်ပါသဖြင့် အနည်းဆုံး (၅) ရက်ခန့် စောင့်ဆိုင်းပေးစေလိုပါသည်။ ယခု အလှူငွေပေးပို့၊ ယခုချက်ချင်း လက်ခံပေးစေလိုခြင်းများအား မတောင်းဆိုကြပါရန် မေတ္တာရပ်ခံပါသည်။

၁၀။ အထက်အမှတ်စဉ် (၁) မှ (၉) ပါ စည်းမျဉ်းများနှင့် မကိုက်ညီသော်လည်း သင်တန်းအား တက်ရောက်ထားနိုင်ရန် ယာယီလက်ခံထားပေးမည် ဖြစ်ပါသည်။ သင်တန်း တက်ရောက်သူဦးရေသည် ၈၀၀ ဝန်းကျင်အထိ ရှိလေ့ရှိသောကြောင့် ချိုးဖောက်ခဲ့သော သင်တန်း စည်းမျဉ်း

များအား အကြောင်းကြားခြင်းနှင့် ဒဏ်ကြေးအလှူငွေ ထပ်မံကောက်ခံခြင်းတို့အား သင်တန်း ဒုတိယအပတ်မှသာလျှင် Taxila မှ စတင်ဆောင်ရွက်ပြီး အကြောင်းကြားပေးမည် ဖြစ်ပါသည်။

၁၁။ သင်တန်းစည်းမျဉ်းများကို ချိုးဖောက်ခဲ့ပါက သင်တန်းမှ ထုတ်ပယ်ခံရမည် ဖြစ်ပါသည်။

၁၂။ သင်တန်းအား အချိန်ပြည့် မတက်ရောက်နိုင်ခြင်းဖြစ်ပေါ်ခဲ့ပါက နောက်ဖွင့်သည့် တန်းခွဲတွင် အလှူငွေ ထပ်မံပေးသွင်းရန် မလိုအပ်ဘဲ ပြန်လည်တက်ရောက်နိုင်ပါသည် (အလှူငွေကိုမူ ပြန်လည် ထုတ်ပေးမည် မဟုတ်ပါ)။ သို့သော် စည်းမျဉ်းများအား ချိုးဖောက်ခဲ့သည့်အတွက် သင်တန်းမှ ထုတ်ပယ်ခံခဲ့ရပါက အလှူငွေအား ပြန်လည် ထုတ်ပေးမည် မဟုတ်ပါ။

၁၃။ လျှောက်ထားစဉ် အဆင်မပြေမှုများ (သို့) လျှောက်ထားပြီး မေးမြန်းလိုသည်များ ရှိခဲ့ပါက ဖုန်း ၀၉-၈၈၈၆၁၈၇၆၄ နှင့် ၀၉-၈၈၈၆၁၈၇၆၅ ထံ တနင်္လာနေ့မှ သောကြာနေ့၊ ရုံးချိန်အတွင်း နံနက် (၉) နာရီမှ ညနေ (၅) နာရီ အထိ ဆက်သွယ်နိုင်ပါသည်။